ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး

ဗဟိုဌာနချုပ်

ကော်သူးလေ

www.knuhq.org

# ကရင်ပြည်နယ် အတွင်းရှိ ငွေလိမ်ဂိုဏ်း တိုက်ဖျက်ရေးနှင့် ပတ်သက်သည့် ထုတ်ပြန်ကြေငြာချက်

**၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ(၁၃)ရက်။**

ကရင်ပြည်နယ် နယ်စပ်တလျှောက်ရှိ ငွေလိမ်ဂိုဏ်းများ၊ တရားမဝင်ကာစီနိုလောင်းကစားလုပ်ငန်းများအပေါ် နိုင်ငံတကာ ၏ စိုးရိမ်မှု၊ တိုက်ဖျက်လိုမှု လုပ်ငန်းများနှင့် ပတ်သက်၍ ကေအဲန်ယူ–ကရင်အမျိုးသားအစည်းအရုံး(KNU) ၏ ရပ်တည်ချက် ကို အောက်ပါအတိုင်း ထုတ်ပြန်အပ်ပါသည်။

၁။ တရားမဝင် ကာစီနိုလောင်းကစား လုပ်ငန်းများနှင့် ငွေလိမ်ဂုဏ်းများသည် မြန်မာနိုင်ငံ၏ အစိုးရအဆက်ဆက်က ကျင့်သုံးခဲ့သည့် စနစ်ဆိုးများနှင့် အဂတိလိုက်စားမှုများမှ အမြစ်တွယ်ပေါက်ဖွားလာခြင်းဖြစ်ပြီး အစိုးရ အဆက်ဆက် ၏ အဂတိလိုက်စားမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုမရှိခြင်းနှင့် တရားဥပဒေစိုးမိုးမှုမရှိခြင်း တို့ကြောင့်ဖြစ်သည်။

၂။ စစ်ကောင်စီသည် ငွေလိမ်ဂိုဏ်းများနှင့်ပတ်သက်သည့် တရားမဝင် ကာစီနိုလောင်းကစား လုပ်ငန်းများကို တိုက်ရိုက် အကျိုးခံစားခွင့် ရရှိနေခြင်းကြောင့် နောက်ကွယ်မှ အကာအကွယ်ပေးခြင်း၊ ထောက်ခံနေခြင်းများ ပြုလုပ်နေပြီး ကရင်ပြည်နယ်အတွင်းရှိ ပြည်သူများကိုသာမက ပါဝင်ပတ်သက်နေသူများ အားလုံးအတွက် လူမှုဒုက္ခမျိုးစုံနှင့် ဒေသတွင်း မတည်ငြိမ်မှုအပြင် ကမ္ဘာ့နိုင်ငံများ၏ ငွေကြေးဆိုင်ရာ လုံခြုံရေးနှင့် စီးပွါးရေးဆိုင်ရာ တည်ငြိမ်မှုကိုပါ ခြိမ်းခြောက် နေပါသည်။

၃။ KNU သည် ငွေလိမ်ဂိုဏ်းများနှင့် တရားမဝင် ကာစီနို လောင်းကစားလုပ်ငန်းများကို အကြွင်းမဲ့ဆန့်ကျင်ပြီး တိုက်ဖျက် သွားမည်။

၄။ KNU သည် ငွေလိမ်ဂိုဏ်းများနှင့် တရားမဝင်ကာစီနိုလောင်းကစားလုပ်ငန်း ရှင်းလင်းသန့်စင်မည့် အိမ်နီးနားခြင်း နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်ကော်မတီ**

**ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး**

**ဗဟို**


ဆက်သွယ်ရန်-

- စောနယ်ဒုဒါး (+66 98 687 9384)
- နော်ဆိုဖီ (Sophie) (+66 80 228 0996)

E-mail: ner.dhu.da.ndd@gmail.com